# ကျွန်ုပ်တို့သည် သင့်အချက်အလက်များကို လျှို့ဝှက်ထားပါမည်။

သင် ကျွန်ုပ်တို့အား ပြောပြသော  မည်သည့်အကြောင်းအရာကိုမဆို လျှို့ဝှက်ထားမည်ဖြစ်သည်။ ဆိုလိုသည်မှာ သင် ကျွန်ုပ်တို့အား ပြောသမျှ သို့မဟုတ် ပေးသမျှအားလုံးကို သင်သဘောမတူဘဲ မည်သူ့ကိုမျှ မပြောပြနိုင်ပါ။

တစ်ခါတစ်ရံ၌ Legal Aid သည် အမှုတစ်ခုတည်းတွင် လူတစ်ဦးထက်ပို၍ ကူညီပေးပါသည်။ ကျွန်ုပ်တို့ထံ၌ ရှေ့နေအမြောက်အမြားရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ရှေ့နေတစ်ဦးက သင့်အား ကူညီပေးနိုင်ဖွယ်ရှိကာ အခြား Legal Aid ရှေ့နေတစ်ဦးက သင်နှင့် အငြင်းပွားမှုရှိသူအားလည်း ကူညီပေးနိုင်ဖွယ်ရှိမည်။

သို့မဟုတ် အခြားရှေ့နေတစ်ဦးက သင့်အမှုနှင့် ဆက်နွယ်မှုရှိသည့် အခြားသူတစ်ပါးအားလည်း ကူညီပေးနိုင်ဖွယ်ရှိမည်။

အကယ်၍ သင် ကျွန်ုပ်တို့၏ အကူအညီကို လက်ခံလျှင်၊ သင်သည် ကျွန်ုပ်တို့က သင်၏ လျှို့ဝှက်အချက်အလက်များအား စီမံကိုင်တွယ်မည့်ပုံကို သဘောတူခြင်းမြောက်မည်ဖြစ်သည်။

### သင့်ရှေ့နေထံ၌ သင့်အချက်အလက်များသာ ရှိလိမ့်မည်ဖြစ်သည်။

ဆိုလိုသည့်အဓိပ္ပာယ်မှာ သင့်ရှေ့နေက၊

- တစ်ဖက်ပုဂ္ဂိုလ်၏ အကြောင်း ဘာတစ်ခုကိုမျှ သိမည်မဟုတ်ပါ
- တစ်ဖက်ပုဂ္ဂိုလ်၏ အချက်အလက်များကို ရယူမည်မဟုတ်ပါ
- သင့်အချက်အလက်များ တစ်စုံတစ်ရာကိုလည်း တစ်ဖက်ပုဂ္ဂိုလ်၏ ရှေ့နေအား အသိပေးမည်မဟုတ်ပါ

တစ်ဖက်ပုဂ္ဂိုလ်၏ ရှေ့နေကလည်း သင် သို့မဟုတ် သင့်အမှုနှင့် ပတ်သက်သည့်အကြောင်း ဘာတစ်ခုကိုမျှ သိမည်မဟုတ်ပါ

### သင့်ထံ၌ မေးမြန်းစရာများ ရှိသလား

အကယ်၍ သင့်ထံ၌ ကျွန်ုပ်တို့က သင်၏ လျှို့ဝှက်အချက်အလက်များကို မည်သို့မည်ပုံ စီမံကိုင်တွယ်ခြင်းနှင့် ပတ်သက်သည့် မေးခွန်းများ တစ်စုံတစ်ရာရှိပါက၊ သင့်တရားဥပဒေဆိုင်ရာ ပြဿနာကို ရှေ့နေအား မတင်ပြမီ အရင်မေးပါ။

Legal Aid NEW SOUTH WALES